မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

e-NEWSLETTER

VOL.4, N0.7
JULY 2025

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တာဝန်ရှိသူများကို လက်ခံတွေ့ဆုံ




ဇွန်လ ၁၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၁၁-၆-၂၀၂၅ ရက်နေ့၊ ၁၃:၀၀နာရီအချိန် ကော်မရှင်ရုံး Conference Room သို့ လာရောက်တွေ့ဆုံ၍ နိုင်ငံတော် အကျိုးပြုလုပ်ငန်းနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံရာတွင်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌဦးပေါ်လွင်စိန်နှင့်အဖွဲ့ဝင်များ၊ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပါသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌက လူ့အခွင့်အရေးကော်မရှင် သမိုင်းကြောင်းနှင့် လုပ်ငန်းတာဝန်များအားရှင်းလင်းပြောကြားပြီးသတင်းမီဒီယာကောင်စီဥက္ကဋ္ဌကကောင်စီ၏လုပ်ငန်းတာဝန်များနှင့်ရည်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များက တာဝန်ယူကြသည့် ဘာသာရပ်နှင့် ကဏ္ဍများအလိုက် ဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ်၍ မြန်မာနိုင်ငံ

စာ ၂



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ် သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်း

စာ ၃



သတင်းမီဒီယာဆိုင်ရာသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခြင်း

စာ ၄



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ဖျာပုံမြို့မရဲစခန်းအချုပ်ခန်းနှင့် ဖျာပုံ အကျဉ်းထောင်အားကြည့်ရှုစစ်ဆေးခြင်း

စာ ၆



ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ တောင်ကြီး အချုပ်ထောင်၊ ညောင်ရွှေအကျဉ်းထောင်၊ တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်း၊ ကလောမြို့နယ်ရှိ အောင်ပန်းနယ်မြေရဲစခန်းအချုပ်ခန်းနှင့် ကလောမြို့မရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း

စာ ၁၀



ရန်ကုန်တိုင်းဒေသကြီး လှူငယ်စင်တာ၌ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောပို့ချ

အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများအား ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံပွဲကို ၁၅:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရာသီတုပ်ကွေးကာကွယ်ဆေးထိုးနှံခြင်း



ဇွန်လ ၂ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုဝင်များအား ၂၀၂၅ခုနှစ်၊ ရာသီတုပ်ကွေးရောဂါကာကွယ်ဆေး ( Vaxigrip ) ထိုးနှံခြင်းကို ၂၀၂၅ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ကော်မရှင်ရုံး Conference Room တွင် ဆောင်ရွက်ခဲ့ပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း

ဇွန်လ ၄ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၅)ကို ၄-၆-၂၀၂၅ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့်အလှည့်ကျကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးနှင့် ခေတ္တညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ်သားသမီးများအားပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်း



ဇွန်လ ၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာ ကျောင်းနေအရွယ်သားသမီးများအား ဒုတိယအကြိမ် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ၆-၆-၂၀၂၅ ရက်နေ့၊ မွန်းလွဲပိုင်းတွင် ကော်မရှင်ရုံး၌ပြုလုပ်ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ်သားသမီးများ တက်ရောက်ကြပါသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ဝန်ထမ်း

များအနေဖြင့် သားသမီးများအတွက် ပညာအမွေပေးနေကြခြင်းကို ကော်မရှင်က ကူညီပံ့ပိုးပေးခြင်းဖြစ်ကြောင်း၊ ပညာသင်ယူခြင်းသည် အသိပညာ၊ ဗဟုသုတများ ပြည့်စုံစေပြီး အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရရှိကြကာ ဘဝတန်ဖိုးကို မြင့်တက်စေမည်ဖြစ်ကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် ပညာသင်ယူခွင့်၊ ပညာသင်ကြားခွင့်တို့နှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေညာထားသည့်အပြင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း နိုင်ငံသားတိုင်း ပညာသင်ကြားပိုင်ခွင့်ကို ပြဋ္ဌာန်းထားပါကြောင်း၊ ကျောင်းသား/ ကျောင်းသူများအနေဖြင့် အမိနိုင်ငံတော်၏ ကျေးဇူးတရားကို သိရှိနားလည်ပြီး ပညာစွမ်းရည်ဖြင့် နိုင်ငံတော်ကို ပြန်လည်အလုပ်အကျွေးပြုနိုင်မည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာကြစေရန် ကြိုးစားစေလိုကြောင်းဖြင့် အမှာစကား ပြောကြားပါသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ် သားသမီး (၁၇) ဦးအား ပညာသင်စရိတ်များကို ထောက်ပံ့ပေးအပ်ခဲ့ရာ ကျောင်းသားမိဘ ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



ဇွန်လ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) ကို ၂၅-၆-၂၀၂၅ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

## သတင်းမီဒီယာဆိုင်ရာသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခြင်း

ဇွန်လ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းကျင်းပသည့် သတင်းမီဒီယာအကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ၃၀-၆-၂၀၂၅ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့သည် နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်မှုနှင့်အတူ အချိန်ကာလတစ်ခုတည်းတွင် ဖွဲ့စည်းပေါ်ပေါက်လာခဲ့ကြသော ညီနောင်အဖွဲ့များ



ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေနှင့် သတင်းမီဒီယာ ဥပဒေတို့သည် ၂၀၁၄ ခုနှစ်၊ မတ်လအတွင်းတွင် ရှေ့နောက်ပြဋ္ဌာန်း အတည်ပြုခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ကော်မရှင်သည် နိုင်ငံတော်





အတွင်း နိုင်ငံသားများ၏ မူလအခွင့်အရေးကို မြင့်တင်ကာကွယ်စောင့်ရှောက်ရန်နှင့် လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်း တစ်ရပ်ပေါ်ပေါက်လာစေရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သကဲ့သို့ သတင်းမီဒီယာဥပဒေတွင် နိုင်ငံသားတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာရေးသား၊ ထုတ်ဝေ၊ ဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများ ဖြစ်ပေါ်စေရန်နှင့် မီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ ရရှိစေရန် သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန် ကျင့်ဝတ်နှင့် စည်းကမ်းများ သတ်မှတ်ရေးဆွဲရန် နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်များထားရှိသည်ကို တွေ့ရှိရပါကြောင်း၊ ကော်မရှင်နှင့် အနီးစပ်ဆုံးတူညီသည့် အချက်တစ်ခုမှာ သတင်းမီဒီယာသမားများသည် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဆုံးရှုံးမှုဆိုင်ရာ ကိစ္စရပ်များကို ဖော်ထုတ်ရေးအား အခွင့်ပေးထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း စတုတ္ထ မဏ္ဍိုင်ဖြင့် အသိအမှတ်ပြုထားသည့် သတင်းမီဒီယာကောင်စီ၏ အခန်းကဏ္ဍနှင့် သိမှတ်ဖွယ်ရာများကို လာရောက် ရှင်းလင်းပြောကြားသည်ကို ကြိုဆိုပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေး အခန်းကဏ္ဍတွင် မိမိတို့၏ ညီနောင်အဖွဲ့ချင်း ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ဖော်ထုတ်သုံးသပ်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အထူးအားဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁၉) ပါ သတင်းမီဒီယာမှတစ်ဆင့် သတင်းအချက်အလက်များ ရှာဖွေဆည်းပူးခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချိခွင့်တို့ဆိုင်ရာ အခွင့်အရေး ဖော်ပြချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုများကို မှတ်သားခွင့်ရမည်ဖြစ်ပါကြောင်း ပြောကြားပါသည်။ ထို့နောက် မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ-၂ ဦးခင်မောင်ကျော်ဒင်က နိုင်ငံတော်နှင့် သတင်းမီဒီယာ၏ အခန်းကဏ္ဍအကြောင်းကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးအေးချမ်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒစ်ဂျစ်တယ်နှင့် မီဒီယာအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီ ဒုတိယဥက္ကဋ္ဌ – ၂ နှင့် အတွင်းရေးမှူးတို့က ပြန်လည်ဖြေကြားခဲ့ကြပြီး ဟောပြောဆွေးနွေးပွဲကို ၁၂:၁၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများနှင့် ကော်မရှင်ရုံး ဝန်ထမ်း (၈၅) ဦးတက်ရောက်ခဲ့ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဖျာပုံမြို့မရဲစခန်းအချုပ်ခန်းနှင့် ဖျာပုံအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း

ဇွန်လ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၅-၆-၂၀၂၅ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်ရှိ ဖျာပုံမြို့မရဲစခန်း အချုပ်ခန်းနှင့် ဖျာပုံအကျဉ်းထောင်အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဖျာပုံမြို့မရဲစခန်း အချုပ်ခန်းများကို ဝင်ရောက်ကြည့်ရှု စစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်း နှိပ်စက်မှု ရှိ မရှိ အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေး စီစဉ်ပေးမှု အခြေအနေ၊ အချုပ်ခန်းအတွင်းမိလ္လာသုံးစွဲမှုနှင့်အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊





အကျိုးဆောင် ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့အား အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဖျာပုံအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးစဉ်အကျဉ်းသား/အကျဉ်းသူ၊အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံပြီး အကျဉ်းသား/သူ၊ အချုပ်သား/သူ တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေ၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ကျွေးမွေးမှုအခြေအနေ၊ အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အကျဉ်းသား၏ ရောဂါ အခြေအနေအပေါ် မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေပေးဝေမှုနှင့် ချိုးရေ၊ သုံးရေ လုံလောက်စွာ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ လက်ခံ ရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှုအခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစား ဆောင်ရွက်ပေးမှု အခြေအနေ၊ ယုံကြည်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့် အခြေအနေ၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးနေမှု အခြေအနေ၊ အကျဉ်းသား/သူများအား အကျဉ်းထောင် ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသား အချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေစသည်တို့ကို မေးမြန်းခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို လှူဒါန်းခဲ့ပါသည်။

ထို့နောက် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ၏အိပ်ဆောင်များ၊အကျဉ်းထောင်ဆေးခန်း၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်များ၊ သုံးရေအတွက် မြစ်ရေမှ ရေစုကန်၊ ၎င်းမှတစ်ဆင့် ရေစစ်ကန်သို့ ရေဖြန့်ဝေပေးသည့်နေရာ၊သုံးရေ/ချိုးရေကန်များနှင့်အတွင်း/အပြင် မိလ္လာများနှင့် မိုးရေ စုဆောင်းထားသည့် မြေသားရေကန် အခြေအနေစသည်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

---

SUSTAINABLE DEVELOPMENT GOALS




စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

**Goal (9) Industry, Innovation and Infrastructure**

ပန်းတိုင် (၉) ကြံ့ခိုင်သော အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့သည့် စက်မှုလုပ်ငန်းထူထောင်ရေးနှင့် ဆန်းသစ်တီထွင်မှုများကိုအားပေးမြှင့်တင်ပေးရေး။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ တောင်ကြီးအချုပ်ထောင်၊ ညောင်ရွှေအကျဉ်းထောင်၊ တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ ကလောမြို့နယ်ရှိ အောင်ပန်းနယ်မြေရဲစခန်းအချုပ်ခန်းနှင့် ကလောမြို့မရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း





ဇွန်လ ၁၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်း ချက်၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ တောင်ကြီးအချုပ်ထောင်ကို ၁၈-၆-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ညောင်ရွှေအကျဉ်းထောင်၊ တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းနှင့် ကလောမြို့နယ်ရှိ အောင်ပန်းနယ်မြေရဲစခန်းအချုပ်ခန်းနှင့် ကလောမြို့မ ရဲစခန်းအချုပ်ခန်းတို့ကို ၁၉-၆-၂၀၂၅ ရက်နေ့တွင်လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် တောင်ကြီးအချုပ်ထောင်၊ ညောင်ရွှေအကျဉ်းထောင်နှင့် တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတို့အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား/ အချုပ်သား တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ အထူးကု ဆရာဝန်ကြီးများနှင့် ပြသရန်လိုအပ်သော အကျဉ်းသား/ အကျဉ်းသူ လူနာများအား ပြည်သူ့ဆေးရုံကြီးများသို့ ပို့ဆောင်ကုသပေးမှု၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုလာရောက်တွေ့ဆုံနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ လက်ခံရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှု၊ စာကြည့်တိုက်စီစဉ်ထားရှိမှု၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးနေမှု၊ စာရိတ္တပြုပြင်ပြောင်းလဲပေးမှု၊ လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းရန် ဆောင်ရွက်ပေးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထို့အပြင် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများအား အကျဉ်းထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသားအချင်းချင်းကလည်းကောင်း ညှင်းပန်းနှိပ်စက်မှု ရှိ မရှိ၊ ခွဲခြားဆက်ဆံမှု ရှိ မရှိ၊ ယုံကြည်ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်နိုင်မှုရှိမရှိတို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကိုလည်း တွေ့ဆုံမေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

ထို့နောက် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်းများ၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်များ၊ သုံးရေ/ချိုးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများစသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ယင်းနောက် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသော အကျဉ်းသား/အကျဉ်းသူများကို သွားရောက်တွေ့ဆုံကာ ဆေးဝါးကုသပေးနေမှု အခြေအနေကို ကြည့်ရှုအားပေးစကား ပြောကြားခဲ့ပါသည်။ အကျဉ်းထောင်၊ အချုပ်ထောင်၊ စိုက်ပျိုးမွေးမြူရေးနှင့်

အသက်မွေးမှု အတတ်သင်စခန်း အသီးသီးရှိ အကျဉ်းသားများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် သုတ၊ ရသ၊ ကျန်းမာရေးနှင့် ဘာသာရေးဆိုင်ရာ စာအုပ်စာပေများကို လည်း လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အောင်ပန်းနယ်မြေရဲစခန်းအချုပ်ခန်းနှင့် ကလောမြို့မ ရဲစခန်း အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလ အခြေအနေ၊ အချုပ်ခန်းများအတွင်း နေထိုင်စဉ်နှင့် အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ တရားရုံး ရုံးထုတ်ချိန်အတွင်း စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းအတွင်း မိလ္လာ သုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ မရှိ၊ အကျိုးဆောင် ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့အား အချုပ်သား/ အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၆/ ၂၀၂၅)

ဇွန်လ ၂၀ ရက်

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီစတင်ချိန်မှာပင် ထင်မှတ်မထားသော အကြမ်းဖက်လုပ်ရပ်များကို ဝမ်းနည်းဖွယ်ကြားသိရပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကုန်းဘုရား (ညောင်ပင်ကန်) ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) မှ ကျောင်းအုပ် ဆရာမကြီးနှင့် ၎င်း၏ ခင်ပွန်းတို့ သတ်ဖြတ်ခံရခြင်း၊ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပွင့်တောက်ကျေးရွာ စက်လှေဆိပ်၌ အထက်တန်းပြ ဆရာမနှင့် ပညာရေးကောလိပ် တက်ရောက်မည့် ကျောင်းသူများအား အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ခြင်း၊ နတ်မောက်မြို့နယ် ကူနီကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (မူလွန်) မှ ကျောင်းအုပ်ဆရာမကြီးတစ်ဦး ဖမ်းဆီးသတ်ဖြတ်ခံရခြင်း၊ ဝက်ချုပ်ကျေးရွာတွင် အလယ်တန်းပြ ဆရာမတစ်ဦးနှင့် ၎င်း၏ ခင်ပွန်းတို့ သတ်ဖြတ်ခံရခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များသည် အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်၊ လွတ်လပ်စွာပညာသင်ကြားခွင့်နှင့် တည်ငြိမ်အေးချမ်းမှု ရရှိခံစားခွင့်စသည့် အခြေခံလူ့အခွင့်အရေးများကို ထိခိုက်စေပါသည်။

ငြိမ်းချမ်းစွာ ပညာသင်ယူခွင့် ရရှိခံစားနိုင်ရေးအတွက် အဓိက တာဝန်ယူဖော်ဆောင်ပေးနေသော ဆရာ ဆရာမများအပါအဝင် ကျောင်းသူ ကျောင်းသားများ၊ စာသင်ကျောင်းများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ ရန်ရှာဖမ်းဆီးခြင်း၊ ခြိမ်းခြောက်နှောင့်ယှက်ခြင်းနှင့် အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်နေခြင်းတို့သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၃ ပါ အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်နှင့် အပိုဒ် ၂၆ ပါ ပညာသင်ယူခွင့် အခွင့်အရေးတို့ကို ချိုးဖောက်ခြင်းပင် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် အမျိုးသား ပညာရေးဥပဒေအရ “နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်း ခံစားရရှိစေရေး” အလေးအနက် အသိအမှတ်ပြုကာ ပညာရေးနယ်ပယ်အတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား လူငယ်များအပါအဝင် ပါဝင်ဆောင်ရွက်လျက်ရှိသူ အားလုံး ထိခိုက်နစ်နာမှု မရှိစေရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပါသည်။

ထို့ပြင် လမ်းတံတားများ၊ တာဝါတိုင်များ၊ လူနေအိမ်အဆောက်အဦများ၊ ဆေးရုံများ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များသည်လည်း တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝကို ထိခိုက်နစ်နာစေပါသည်။ ထိုသို့သော အကြမ်းဖက်လုပ်ရပ်များသည် နိုင်ငံနှင့် ပြည်သူအတွက် ကြီးမားသော ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အဆိုးရွားဆုံး ခြိမ်းခြောက်မှုဖြစ်ပါသည်။ မည်သည့်အကြမ်းဖက်လုပ်ရပ်မဆို ရာဇဝတ်မှုမြောက်၍ တရားမျှတမှုမရှိဟု ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုထားသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း၍ အကြမ်းဖက်လုပ်ရပ်များကို ကြိုးပမ်းတိုက်ဖျက်နှိမ်နင်းလျက်ရှိသည်ကို တွေ့မြင်သိရှိရပါသည်။

နိုင်ငံတစ်ဝှမ်း ငြိမ်းချမ်းစွာ ပညာသင်ယူခွင့်ရရှိစေရန်နှင့် အကြမ်းဖက်လုပ်ရပ်များ လျော့နည်းပပျောက်စေရန် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့မှာ မရှိမဖြစ် လိုအပ်ပါသည်။ တည်ငြိမ်အေးချမ်းပြီး တာဝန်ယူမှု

တာဝန်ခံမှုရှိသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်ရေး၊ အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာသူများအတွက် ကုစားမှုပေးရေးနှင့် ပြန်လည် ထူထောင်ရေး၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေးအရ ကွဲပြားခြားနားမှုများကို အလေးထား ညှိနှိုင်း ဆောင်ရွက်ရေးတို့ ပြုလုပ်သွားကြရန်နှင့် တရားဥပဒေစိုးမိုး၍ အကြမ်းဖက်မှုများ ပပျောက်စေရန် သက်ဆိုင်သူများ၊ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် လူ့အခွင့်အရေးရှုထောင့်မှ အကြံပြုတိုက်တွန်းအပ်ပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဇွန်လ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲအမှတ်စဉ် (၆/၂၀၂၅) အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများတွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ( ၈၉ ) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၁၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

ဇွန်လ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်သည် ၂၄-၆-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့် အတူ ကော်မရှင်ရုံးအတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုများ လေလွင့်မှုမရှိစေရေး၊ ကော်မရှင်ရုံးအတွင်း အဆောက်အဦများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များ၊ အဆောက်အဦ အမှတ်(၂)၊ (၂)ထပ်ဆောင်နှင့် ဌာန(၆)ခုတို့ကို အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၇/ ၂၀၂၅)

ဇွန်လ ၂၄ ရက်

ကမ္ဘာစစ်ကြီးများ၏ အနိဋ္ဌာရုံများကို ခံစားကြရပြီးနောက် စစ်ပွဲများ ထပ်မံမပေါ်ပေါက်စေရန်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုဖော်ဆောင်ရန်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ရေးဆွဲ၍ ကမ္ဘာ့ကုလသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ခြင်း ဖြစ်ပါသည်။ ယင်းပဋိညာဉ်စာတမ်းပါ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာ တရားဥပဒေများနှင့်အညီ ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ပြေလည်ကျေအေးအောင် ဆောင်ရွက်ရန်ဟု ဖော်ပြထားသကဲ့သို့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ နိဒါန်းတွင်လည်း လူမှုရေးတိုးတက်ရေးနှင့် လူ့ဘဝအဆင့်အတန်း တိုးတက်ကောင်းမွန်ရေးတို့ကို မြှင့်တင်ရာတွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့သည် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် ၁၆ အရ နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှု အပေါ်အခြေခံသည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုရှိရေး၊ လူ့အခွင့်အရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးတို့ဖြစ်ပေါ်လာမှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ပဋိပက္ခအတွင်း ငြိမ်းချမ်းမှုမရှိခြင်းကြောင့် အပြစ်မဲ့ပြည်သူများသည် ဆင်းရဲနွမ်းပါးမှု တာရှည်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်းများဖြစ်ပေါ်ပြီး လူသားဂုဏ်သိက္ခာနှင့်အညီ ရှင်သန်နေထိုင်နိုင်ရေးနှင့် လူမှုစီးပွား ဘဝတိုးတက်ရေးတို့ကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါသည်။

လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးမှာ ခွဲခြား၍မရကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အခိုင်အမာ ယုံကြည်ပါသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးသည် ပဋိပက္ခများ လျော့နည်းပပျောက်စေရုံသာမက အပြန်အလှန် စာနာနားလည်မှု တည်ဆောက်ခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်နိုင်ခြင်း၊ မတူကွဲပြားမှုများကို လေးစားခြင်းနှင့် တရားဥပဒေအရ တန်းတူအခွင့်အရေးရရှိခြင်းစသည့် အခွင့်အရေးများ ရရှိခံစားရခြင်းပင် ဖြစ်ပါသည်။

Peace Forum 2025တွင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊နယ်ပယ်အသီးသီးမှထင်ပေါ်ကျော်ကြားသူများ၊ ပြည်တွင်းပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံခြားသံတမန်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကဏ္ဍအလိုက် ပါဝင်ပတ်သက်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ ပါဝင်ကြကြောင်း သိရှိရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါသည်။

Peace Forum 2025 သည် ပဋိပက္ခများ လျော့နည်းပပျောက်စေပြီး တိုင်းရင်းသား ပြည်သူအားလုံး လိုလားတောင့်တသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ငြိမ်းချမ်းသာယာသော အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးကို အထောက်အပံ့ဖြစ်စေမည့် ရလဒ်ကောင်းများ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

---

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စုံထောက်သင်တန်းကျောင်း၌ သင်ခန်းစာသွားရောက်ပို့ချ



ဇွန်လ ၁၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် ဖွင့်လှစ်လျက်ရှိသော စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၇/၂၀၂၅) သို့ ၁၆-၆-၂၀၂၅ ရက်နေ့ ၁၂:၃၀ နာရီမှ ၁၄:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးအသိပညာပေးဘာသာရပ် သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေးအခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၈၁ ဦး၊ သင်တန်းသူ ၃၇ ဦး စုစုပေါင်း သင်တန်းသားဦးရေ ၁၁၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောပို့ချ



ဇွန်လ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်လုပ်ငန်းများအစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ကော်မရှင်သည်လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကိုရေးဆွဲ၍လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ အရပ်ဘက်လူမှုအဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းလည်းပါဝင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်ရေးရာကော်မတီလက်အောက်ရှိ အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်း ကော်မတီ၏ ဦးဆောင်မှုဖြင့် ကျား၊မ တန်းတူညီမျှရေးနှင့် လူ့အခွင့်အရေးကော်မတီကကြီးမှူး၍ ၂၂-၆-၂၀၂၅ ရက်နေ့၊ ၀၉:၀၀ နာရီအချိန်မှ ၁၂:၀၀ နာရီအချိန်အထိ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ကျင်းပသော လူငယ်အသိ ပညာပေး ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များ၊ တက္ကသိုလ် ကျောင်းသူ/ ကျောင်းသားများနှင့် အခြေခံပညာကျောင်းသူ/သားများအပါအဝင်လူငယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး အဆိုပါဟောပြောပွဲတွင်မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက "လူ့အခွင့်အရေးနိဒါန်း" အကြောင်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က "လူငယ်များအတွက်လူ့အခွင့်အရေးအရေးပါပုံ" အကြောင်းတို့အား အသီးသီးဟောပြောပို့ချခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသူများမှမေးခွန်းများမေးမြန်းဆွေးနွေးခဲ့ကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က ပြန်လည်ဖြေကြားခဲ့ပါသည်။



## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဇွန်လ ၁၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက်လုပ်ငန်းစီမံချက်ကိုရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဖွင့်လှစ်လျက်ရှိသော ဦးစီးအရာရှိ (စုံစမ်းရေး) နှင့် စုံစမ်းရေးမှူးများ အမှုစစ်သင်တန်းအမှတ်စဉ် (၅) သို့ ၁၀-၆-၂၀၂၅ ရက်နေ့တွင် ၁၃:၀၀ နာရီမှ ၁၅:၃၀ နာရီအချိန်ထိ လူ့အခွင့်အရေးစံတန်ဖိုးများ ဘာသာရပ်သင်ခန်းစာ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၂၀ ဦး၊ သင်တန်းသူ ၁ ဦး စုစုပေါင်း သင်တန်းသားဦးရေ ၂၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာ၊ သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း



ဇွန်လ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဝန်ထမ်းများ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်နှင့်ဆီများ ရောင်းချပေးခြင်း

ဇွန်လ ၂၇ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၂၇-၆-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၃၅) အိတ် (၅ ပြည်ဝင် တစ်အိတ်လျှင် ၂၅၀၀၀/- ကျပ်နှုန်း) ၊ ဧည့်မထ (၈၀) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၁၃၅၀၀/- ကျပ်နှုန်း) စားအုန်းဆီတစ်ပိဿာလျှင် (၈၀၀၀/-) ကျပ်နှုန်းဖြင့် (၃၀၉) ပိဿာအား ဝယ်ယူ၍ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ဖြန့်ဝေရောင်းချပေးခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်လအတွင်း လှုပ်ရှားဆောင်ရွက်ချက်များ

ဇွန် ၂ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရာသီတုပ်ကွေးကာကွယ်ဆေးထိုးနှံခြင်း၊

ဇွန် ၄ – ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း၊

ဇွန် ၅ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဖျာပုံမြို့မရဲစခန်းအချုပ်ခန်းနှင့် ဖျာပုံအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း၊

ဇွန် ၆ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ်သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်း၊

ဇွန် ၁၀ – အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

ဇွန် ၁၁ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များမြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီ တာဝန်ရှိသူများကို လက်ခံတွေ့ဆုံခြင်း၊

ဇွန် ၁၆ – မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စုံထောက်သင်တန်းကျောင်း၌ သင်ခန်းစာသွားရောက်ပို့ချခြင်း၊

ဇွန် ၁၉ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ တောင်ကြီးအချုပ်ထောင်၊ ညောင်ရွှေအကျဉ်းထောင်၊ တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ ကလောမြို့နယ်ရှိ အောင်ပန်းနယ်မြေရဲစခန်းအချုပ်ခန်းနှင့် ကလောမြို့မရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း၊

ဇွန် ၂၀ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၆/ ၂၀၂၅) ထုတ်ပြန်ခြင်း၊

ဇွန် ၂၂ – ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောပို့ချခြင်း၊

ဇွန် ၂၃ – ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း၊

ဇွန် ၂၄ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၇/ ၂၀၂၅) ထုတ်ပြန်ခြင်း၊

ဇွန် ၂၅ – ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊

ဇွန် ၂၇ – ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း၊

ဇွန် ၂၇ – ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်နှင့်ဆီများ ရောင်းချပေးခြင်း၊

ဇွန် ၃၀ – သတင်းမီဒီယာဆိုင်ရာသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခြင်း၊

ဇွန် ၃၀ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများတနင်္လာ၊သောကြာနေ့တိုင်းနိုင်ငံတော်အလံအားအလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း။

## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း တိုင်ကြားချက် (၂၃) မှုနှင့် သတင်းမီဒီယာတွင် ပါရှိသောအမှု (၁) မှု၊ စုစုပေါင်း (၂၄) မှု စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားချက် (၃) မှုကို သက်ဆိုင်ရာ ဝန်ကြီးဌာနသို့လည်းကောင်း၊ တိုင်ကြားချက် (၅) မှုကို ကာယကံရှင်ထံသို့ အကြံပြုပြန်ကြားခဲ့ပြီး တိုင်ကြားချက် (၁၆) မှုကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ ယခင်ဆောင်ရွက် ပြီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိ ခဲ့ပါသည်။

********

# ENGLISH SECTION

Vol. 4, No. 7, JULY 2025

## The Myanmar National Human Rights Commission inspects Pyapon Police Lock-up and the Pyapon Prison

June 5

An inspection team led by Members of Myanmar National Human Rights Commission, U Kyaw Soe and U Than Win conducted the inspection to Pyapon Police Lock-up and the Pyapon Prison in Pyapon Township, Ayeyawaddy Region on 5 June 2025, in accordance with Section 43 and 44 of the Commission Law.

At Pyapon Police Lock-up, the MNHRC team inspected the conditions of detainees during the remand period, any torture occurred during investigation and whether there were opportunities to meet with family members, as well as the provision of food and drinking water, the proper disposal of sewage, and the overall cleanliness of the facilities.

The inspection team checked whether the prisoners were accessed their fundamental rights, including an appropriate food supply, access to healthcare, provision of sufficient purified water. Furthermore, the team inquired whether the prisoners had received items issued by the prison and items sent by their families, and whether they were permitted family visits. Additionally, the team evaluated the conditions of physical activities, right to freedom of religion, access to education and vocational training, and whether there were instances of human rights violations and torture by prison officials and fellow prisoners. The MNHRC also donated knowledgeable books for the benefit of the prisoners.

Then the inspection team looked over various facilities within the prison including the dormitories, the prison clinic, library, kitchen, food warehouse, water purifiers, and water sanitation systems of the Pyapon Prison.

The inspection team will send its findings and recommendations to the relevant department in accordance with the MNHRC law for necessary actions.

## The Myanmar National Human Rights Commission inspects Taunggyi Jail, Nyaung Shwe Prison, Taung Lay Lone Labour Camp, Aungpan Police Lock-up and Kalaw Police Lock-up

June 19

An inspection team led by members of the Myanmar National Human Rights Commission, U Tin Aung and U Than Win, conducted the inspection of Taunggyi Jail on 18 June, 2025 and inspected Nyaung Shwe Prison, Taung Lay Lone Labour Camp and inspected Aungpan Police Lock-up and Kalaw Police Lock-up on 19 June 2025, in Kalaw Township, Shan State, in accordance with Sections 43 and 44 of the Commission Law.

The inspection team checked Taunggyi Jail, Nyaung Shwe Prison and Taung Lay Lone Labour Camp to see whether the prisoners were accessing their fundamental rights, including an

appropriate food supply, access to healthcare, and provision of sufficient purified water. Furthermore, the team inquired whether the prisoners had received items issued by the prison and items sent by their families, and whether they were permitted family visits. Additionally, the team evaluated the conditions of physical activities, right to freedom of religion, workplace safety measures, access to education and vocational training, and whether there were instances of human rights violations and torture by prison officials and fellow prisoners. The inspection team also privately interviewed the prisoners who wanted to meet with the team freely and privately.

Then the inspection team looked over various facilities within the prison including the dormitories, the prison clinic, the library, family visit area, kitchen, food warehouse, water purifiers, water sanitation system. And then the team visited and met with prisoners/detainees receiving medical treatment at Sao San Tun General Hospital, inspected the medical treatment situation, and gave them words of encouragement. Books and publications on knowledge, literature, health, and religion were also donated for inmates to read and study at various prisons, detention centers, agricultural and vocational training camps.

At Aungpan Police Lock–up and Kalaw Police Lock–up, the MNHRC team inspected the conditions of detainees during the remand period, whether any torture occurred during the investigation and whether there were opportunities to meet with family members, as well as the provision of food and drinking water, the proper disposal of sewage, the overall cleanliness of the facilities and whether the conditions of access to legal assistance.

MNHRC will send recommendations to the relevant departments for necessary action based on the findings during inspection.

## MNHRC Gives Human Rights Lecture at Detective Training School

June 16

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, U Zaw Lwin Htoo, the Director of the Commission office, covered the lectures on human rights at the Detective Officer Training Course No. (197/ 2025) hosted by the Criminal Investigation Department (Insein) on 16 June 2025 from 12:30 to 14:55. In this context, the Director focused the lectures on Human Rights Concept, Universal Declaration of Human Rights (UDHR) and the Organization and Functions of Myanmar National Human Rights Commission. The lecturer was followed by the question and answer section. A total of 118 officers including 37 female officers attended the course mentioned above.

## Myanmar National Human Rights Commission Statement (6/ 2025)

June 20

At the commencement of the 2025–2026 academic year, we are deeply saddened to learn of a series of unexpected and disturbing acts of violence. These incidents include the killing of a school principal and her husband from the Basic Education High School (Branch) in Kone Phaya (Nyaung Pin Kan) Village, Nyaung–U Township, Mandalay Region; the abduction of a high school teacher and female education college students by terrorists at the jetty in Pwint Tauk Village, Sidoktaya Township, Magway Region; the abduction and killing of a basic education post primary school principal in Kuni Village, Natmauk

Township; and the killing of a middle school teacher and her husband in Wetchoat Village. These acts of violence seriously undermine fundamental human rights, including the right to life, personal security, the right to education, and the right to live in peace and stability.

The acts of violence, including killings, abductions, threats, harassment and destruction in various forms, targeted toward school teachers, who bear key responsibilities for ensuring access to education, as well as students and educational institutions, directly violate the right to life and security of person as outlined in Article 3 and the right to education as outlined in Article 26 of the Universal Declaration of Human Rights (UDHR). According to the 2014 National Education Law, education is recognized as an inheret right of every citizen. Therefore, it is essential to collectively protect and safeguard of all individuals involved in the education sector, including teachers and students, so that they may be free from harm.

Furthermore, the destruction of public infrastructure – such as roads, bridges, communication towers, residential buildings, and hospitals – severely affects the socio-economic lives of the people across the country. These violent acts result in significant losses for both the nation and its people and constitute grave threats to peace and security. As universally recognized by the United Nations and the international community, all forms of terrorism are considered criminal acts and violations of justice. In line with this, the Government of Myanmar enacted the 2014 Counter-Terrorism Law to actively prevent, combat, and suppress such acts of violence within the country.

To ensure that all learners across the country can enjoy their right to education in a peaceful environment, the promotion of domestic peace and the rule of law is essential. The development of a stable, peaceful, and accountable society is vital not only to support the needs of victims affected by acts of violence through rehabilitation and recovery but also for fostering mutual understanding and dialogue across ethnic, religious, and political differences. From a human rights perspective, we urge all relevant stakeholders, organizations, and the general public to collectively endeavor toward eliminating acts of violence through the rule of law, reconciliation, and inclusive engagement.

## Conducting Human Rights Awareness Raising Talk at Youth Center, Yangon

June 22

The Myanmar National Human Rights Commission (MNHRC) is continuously carrying out activities to effectively implement the promotion and protection of human rights, in accordance with Section 22 (a) of the Commission Law. The Commission has developed an operational plan aligned with the goals and objectives outlined in its framework of Action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executing its tasks accordingly. Among them, one of the activities is conducting human rights activities in cooperation with civil society organizations.

A human rights awareness talk on youth was coordinated by the Gender Equality and Human Rights Committee, under the guidance of the Sports and Youth Affairs Support Committee of the Yangon Region Youth Affairs Committee at the Youth Center in Thaketa Township, Yangon Region on 22-6-2025 from 09:00 to 12:00. It was attended by Yangon Region Youth Affairs Committee Vice Chairman U Htay Aung, who is also Minister for Social Affairs of Yangon Region Government, Yangon Region Sports and Youth Affairs Support Committee Chairman and members, members of

philanthropic organizations, youth including university students and students from Basic Education Schools, anid guests, about 200 persons in total. At the talk, Director U Zaw Lwin Htoo and Deputy Director Daw Mi Mi Khaing of the Myanmar National Human Rights Commission Office provided a talk on "Introduction to Human Rights" and "The Importance of Human Rights for Young People" respectively. Afterwards, the attendees engaged in discussions on topics related to the talk, during which Director U Zaw Lwin Htoo and Deputy Director Daw Mi Mi Khaing addressed the questions raised in the Q&A session.

## Officers Lectured at Investigation Training School (Taungoo) of Bureau of Special Investigation

June 10

The Myanmar National Human Rights Commission (MNHRC) is continuously carrying out activities to effectively implement the promotion and protection of human rights, in accordance with Section 22 (a) of the Commission law. The Commission has developed an operational plan aligned with the goals and objectives outlined in its framework of action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executing its tasks accordingly.

Daw Mi Mi Khaing, the Deputy Director of the Commission office, gave lectures on human rights at Training Course for Staff Officers (Investigation) and Investigation Officers Training No. (5) which commenced at the Investigation Training School (Taungoo) of Bureau of Special Investigation on 10 June 2025 from 13:00 to 15:50. In this regard, the Deputy Director gave the lecture on Human Rights Norms. Following the lecture, the lecturer accepted the questions from the trainees. A total of 21 officers including 1 female officer attended the aforementioned course.

## Myanmar National Human Rights Commission Statement No. (7/2025)

June 24

Following the devastating consequences of the world wars, the United Nations was established through the drafting of the UN Charter, with the fundamental objectives of preventing future conflict, promoting peace and security, and fostering international cooperation. The Charter emphasizes that international peace and security must be maintained through peaceful means in accordance with international law. Likewise, the Preamble of the Universal Declaration of Human Rights affirms that freedom, justice, and peace are the foundations for advancing social progress and improving living standards.

According to the UN's Sustainable Development Goal 16, sustainable development can only be achieved when a nation enjoys peace, stability, human rights, and good governance based on the rule of law. In conflict situations, the absence of peace leads to prolonged poverty, hindered development, and damages human dignity, affecting socio-economic progress and the ability to live a decent life.

The Myanmar National Human Rights Commission firmly believes that human rights and peace are inseparable. Lasting peace not only reduces and resolves conflicts but also builds mutual understanding, ensures inclusive decision-making, respects diversity, and guarantees equal rights under the law.

We are delighted to learn that the Peace Forum 2025 will bring together ethnic armed organizations, prominent figures from various fields, domestic and international experts, foreign diplomats, civil society organizations, political parties, sectoral stakeholders, non-governmental organizations (NGOs), and international NGOs.

The Myanmar National Human Rights Commission expresses its sincere hope and belief that Peace Forum 2025 will contribute to reducing conflicts and pave the way for a modern, developed, and disciplined democratic federal union—a peaceful future nation that all communities in Myanmar aspire to achieve.

## Status of Handling Complaints

During June 2025, MNHRC received 23 complaints and 1 case from the media. The complaint investigation team held 4 complaint screening meetings for examining the complaints and 3 complaints were referred to the departments concerned. In 5 cases, the complainants were advised on more appropriate remedies. The 16 cases were recorded in accordance with the MNHRC Law.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁ – ၈၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီ
လမ်းထောင့်၊ ရွှေကြာပင်
ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။
☎ ၀၆၇ – ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်း
အနောက်ရပ်ကွက်၊ ချမ်းအေး
သာဇံမြို့နယ်၊ မန္တလေးမြို့။
☎ ၀၂ – ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်
ရုံး၊ စစ်တွေမြို့။
☎ ၀၉ – ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
☎ ၀၄ – ၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm